# အကျပ်အတည်းကာလ၌ မျှော်လင့်ချက်ဖြင့် ရှင်သန်ခြင်း

## ပြောင်းလဲလာသောကမ္ဘာနှင့်ကိုက်ညီမည့် နည်းလမ်းသစ်များအား ရှာဖွေကြံဆရန် စိတ်ကူးစိတ်သန်းနှင့် အသိဉာဏ်တို့ကို အစွမ်းကုန်အသုံးပြုရမည့်ကာလ

**ကာဒီနယ် ချားလ်စ်ဘို**

**မေ ၉၊ ၂၀၂၀**

ကမ္ဘာတစ်ဝန်းဖြစ်ပွားနေတဲ့ Covid-၁၉ ကပ်ရောဂါဟာ ယခုအခါမှာ အဆိုးဝါးဆုံး ဘေးဒုက္ခတစ်ခုဖြစ်လာပါပြီ။ ဒီကပ်ရောဂါကြောင့် ကျွန်ုပ်တို့ရဲ့ဘဝနေထိုင်မှုပုံစံ၊ အလုပ်လုပ်ပုံနဲ့ ပွဲကျင်းပတဲ့ပုံစံတွေပြောင်းလဲခဲ့ရပါတယ်။ မြန်မာနိုင်ငံအပေါ် ကပ်ဘေးသက်ရောက်မှုဟာ ယခုအချိန်အထိတော့ နှေးကွေးသလိုရှိနေပေမဲ့ ဒါဟာ အချိန်အတော်ကြာကြာရှိနေမယ်ဆိုတဲ့အဓိပ္ပာယ်ပါပဲ။ ပထဝီအနေအထား၊ နယ်စပ်ထိန်းချုပ်မှု၊ အစိုးရရဲ့ဆုံးဖြတ်ချက်နဲ့ ဦးဆောင်မှု၊ ကျန်းမာရေးကဏ္ဍက ကြိုတင်ပြင်ဆင်ထားမှု စတဲ့အချက်တွေအပေါ် မူတည်ပြီး Covid-၁၉ရဲ့သက်ရောက်မှုအတိုင်းအတာဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံကွဲပြားသွားပါတယ်။ ဒါဟာ အားလုံးအစမ်းသပ်ခံကြရတဲ့ကာလပါပဲ။ ပိုးကူးစက်မှုတွေကိုကြည့်ရင် လူချင်းခပ်ခွာခွာနေဖို့ မဖြစ်နိုင်တဲ့သူတွေ၊ ဆေးကြောသန့်စင်ဖို့ ရေအလုံအလောက်မရှိတဲ့သူတွေ၊ အလုပ်အကိုင်ဆုံးရှုံးပြီး နေ့စဉ်ပုံမှန်ဝင်ငွေမရှိတဲ့သူတွေ၊ အလုပ်လက်မဲ့ဘဝနဲ့ မိခင်တိုင်းပြည်ကိုပြန်ရတဲ့သူတွေ၊ နိုင်ငံခြားက လာရောက်အလုပ်လုပ်ကြပြီး ဆာလောင်နေတဲ့အလုပ်သမားတွေ၊ ကျောထောက်နောက်ခံပေးမယ့်အစိုးရမရှိတဲ့သူတွေမှာ အများဆုံးကူးစက်တာကို တွေ့ရပါတယ်။ အများစုအတွက်ကတော့ ဝမ်းရေးဖြေရှင်းဖို့က အရေးအကြီးဆုံးဖြစ်နေပါတယ်။

ဒီကာလကို အကျိုးရှိရှိ ဖြတ်သန်းဖို့၊ သဒ္ဓါတရားနဲ့ လျှုဒါန်းဖို့၊ မျှော်လင့်ချက်နဲ့ ရှင်သန်ဖို့ အားလုံးကို တိုက်တွန်းလိုပါတယ်။ တစ်ယောက်ကိုတစ်ယောက် စောင့်ရှောက်ကြပါစို့။ **ကမ္ဘာတစ်ဝန်းလုံးက ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များနဲ့ ဘာသာဝင်သူတော်စင်အပေါင်းတို့ကိုလည်း လာမယ့် မေလ(၁၄)ရက်၊ ကြာသပတေးနေ့မှာ ဆုတောင်းခြင်း၊ ခြိုးခြံဝါရှောင်ခြင်းနဲ့ လူသားအားလုံးရဲ့ ကောင်းကျိုးအတွက် မေတ္တာပို့သခြင်း စသည်တို့ပြုလုပ်ရာမှာ ပူးပေါင်းပါဝင်ကြဖို့ ဖိတ်ခေါ်လိုပါတယ်။**

ယခုအခါ အာရှနိုင်ငံအများစုမှာ ကန့်သတ်ချက်တွေနဲ့ နေထိုင်နေကြရပါတယ်။ ကျောင်းတွေ၊ စက်ရုံတွေပိတ်ထားရပြီး ဈေးကွက်မှာလည်း ကုန်ကြမ်းပစ္စည်းတွေပြတ်လပ်နေပါပြီ။ ခရီးသွားလာခြင်းကိုလည်း ကန့်သတ်ထားပါတယ်။ ဒါပေမဲ့ မယုံနိုင်စရာအချက်က ပဋိပက္ခတွေဟာ ဆက်ပြီးဖြစ်ပွားနေပါတယ်။ အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့က စစ်ခေါင်းဆောင်တွေအနေနဲ့ သူတို့ရဲ့လက်

နက်တွေဟာ ဒီဗိုင်းရပ်စ်ပိုးထက် ပိုပြီးစွမ်းအားကြီးတယ်လို့ ယုံကြည်နေသလို ဖြစ်နေပါတယ်။ တိုက်ပွဲတွေဖြစ်နေတာကြောင့် သူတို့ရဲ့စစ်သည်တွေဟာ ပိုးကူးစက်ခံရနိုင်တဲ့အနေအထားကို ရောက်ရှိနေပြီး အရပ်သားတွေကိုလည်း အဆက်မပြတ်ခြိမ်းခြောက်နေပါတယ်။ အကျိုးဆက်အနေနဲ့ မိမိတို့ရဲ့ ပြည်သူပြည်သားတွေကြားမှာ ကူးစက်ရောဂါပိုးပြန့်နှံ့မယ့်အန္တရာယ်ကို ဖိတ်ခေါ်သလိုဖြစ်နေပါတယ်။

လူအတော်များများက "ဒီရောဂါက ဘယ်တော့မှပြီးမှာလဲ။ တို့တော့ ပုံမှန်ဘ၀ကို ပြန်ရောက်ချင်နေပြီ"လို့ မေးကြပါတယ်။ "ဘယ်တော့မှ ပြီးမှာလဲ"ဆိုတဲ့မေးခွန်းအတွက် အဖြေကတော့ "ဘယ်တော့မှ မပြီးပါဘူး" ဆိုတာပါပဲ။ မပြီးဘူးဆိုတဲ့နေရာမှာ အရာအားလုံးဟာ နဂိုကအခြေအနေအတိုင်း မဖြစ်နိုင်တော့ဘူးဆိုတာအပြင် ယခုလက်ရှိ ကျွန်ုပ်တို့လုပ်ဆောင်နေတဲ့အရာတွေက အနာဂတ်ကို ပုံဖော်ပေးလိမ့်မယ်လို့လည်း အဓိပ္ပာယ်သက်ရောက်ပါတယ်။ အာရှတိုက်ဟာ မပြီးဆုံးနိုင်တဲ့ ပဋိပက္ခတွေ၊ စစ်ပွဲတွေ၊ အကျပ်အတည်းတွေ၊ ဆူနာမီ၊ ဆိုင်ကလုန်း၊ တိုင်ဖုန်း စတဲ့ သဘာ၀ဘေးအန္တရာယ်တွေကို အများကြီးဖြတ်ကျော်ခဲ့ပြီးပါပြီ။ ဒုက္ခအကျပ်အတည်းတစ်ခုပြီးတိုင်း အပြောင်းအလဲတွေလည်း ဖြစ်ပေါ်ခဲ့တာကို ကျွန်ုပ်တို့သိကြပါတယ်။ ဒီတစ်ကြိမ်မှာတော့ ကမ္ဘာ့နိုင်ငံတိုင်းလိုလို ကပ်ရောဂါဒဏ်ကို ခံကြရပါတယ်။ ကျွန်ုပ်တို့ကမ္ဘာကတော့ အကြီးအကျယ်ပြောင်းလဲမှာ အသေအချာပါပဲ။ ထို့အတူ နိုင်ငံရေးဟာလည်း ပြောင်းလာပါလိမ့်မယ်။ နိုင်ငံတကာဆက်သွယ်ရေးဟာလည်း အရင်နဲ့မတူဘဲ ကွာခြားသွားပါလိမ့်မယ်။

နိုင်ငံပေါင်း ၂၀၀ ကျော်ကို ပျံ့နှံ့ရောက်ရှိနေတဲ့ကပ်ဘေးဟာ ကမ္ဘာကို ပြောင်းလဲခဲ့ပါပြီ။ ကမ္ဘာစစ်ကြီးဖြစ်နေသလိုပါပဲ။ လာမယ့်လအနည်းငယ်အတွင်းမှာ Covid-၁၉ ကို ထိန်းချုပ်နိုင်မယ်ဆိုရင်တောင် သူ့ရဲ့ကောင်းမွေဆိုးမွေက ကျွန်ုပ်တို့နဲ့အတူ ဆယ်စုနှစ်များစွာ ဆက်လက်တည်ရှိနေပါလိမ့်မယ်။ လူ့အဖွဲ့အစည်းကို ကျွန်ုပ်တို့နားလည်ရှုမြင်တဲ့ပုံစံဟာ ပြောင်းလဲသွားပါလိမ့်မယ်။ ကျွန်ုပ်တို့ဆက်သွယ်တဲ့ပုံ၊ ခရီးသွားလာပုံ၊ ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ပုံတွေဟာလည်း ပြောင်းလဲသွားပါလိမ့်မယ်။ ဖြစ်ပေါ်လာတဲ့စိန်ခေါ်မှုတွေကို အစိုးရဘက်က ပြေလည်အောင် မဖြေရှင်းပေးနိုင်ဘူးဆိုရင် လူထုရဲ့ယုံကြည်မှုကိုပါ ဆုံးရှုံးရပါလိမ့်မယ်။

ဒုက္ခအကျပ်အတည်းကြုံလာပြီဆိုရင် ခေါင်းဆောင်တွေရဲ့လုပ်ဆောင်ချက်တွေကို ကျွန်ုပ်တို့မြင်တွေ့ကြရပါတယ်။ ကျွမ်းကျင်သူတွေရဲ့အဆိုအရ အကျပ်အတည်းကို ဖြေရှင်းတဲ့ခေါင်းဆောင်ကောင်းတွေရဲ့အဓိကလက္ခဏာတွေကတော့ လိုအပ်တဲ့လမ်းညွှန်မှုတွေပေးတာ၊ အခြေအနေကို နားလည်အောင်လုပ်တာ၊ စာနာစိတ်ထားရှိတာတွေပဲဖြစ်ပါတယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ မှန်ကန်တဲ့ဆုံးဖြတ်ချက်တွေချနိုင်ဖို့အတွက် လုပ်ဆောင်ရမယ့်အရာကို ပွင့်ပွင့်လင်းလင်း မြင်မြင်သာသာနဲ့ ချပြတတ်တယ်၊ ဖြစ်ပျက်နေတာတွေကို သိအောင်လုပ်တယ်၊ လူတွေခံစားရတာကို နားလည်တယ်၊ အကျိုးဆက်အနေနဲ့ ယုံကြည်မှုတည်ဆောက်ပြီးသားလည်း ဖြစ်တယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ လူထုကြုံတွေ့နေရတဲ့စိန်ခေါ်မှုအခက်အခဲတွေကို ဖြေရှင်းတဲ့နေရာမှာ လူထုတစ်ရပ်လုံး တာ၀န်သိသိပါ၀င်လာဖို့ ဆွဲဆောင်နိုင်ပါတယ်။ ခေါင်းဆောင်ကောင်းတွေဟာ အားနည်းသူကို ကာကွယ်ပေးတယ်၊ ဘာသာ လူမျိုး အနိမ့်အမြင့် မခွဲခြားဘဲ အားလုံးပါ၀င်မယ့်အနေအထားရောက်အောင် လုပ်ဆောင်တယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ အန္တရာယ်ကြုံနေရတဲ့အသိုင်းအ၀ိုင်း

ကို အထူးဂရုစိုက်ပါတယ်။ ခေါင်းဆောင်ကောင်းဟာ ခိုင်မာတဲ့လူ့အဖွဲ့အစည်းတွေကို ထူထောင်ပေးပြီး ကြောက်ရွံ့စိတ်တွေ၊ စိုးရိမ်ပူပန်မှုတွေ၊ မကြိုက်မနှစ်သက်တာတွေကို ချေဖျက်မယ့်စိတ်ထားတွေဖြစ်ပေါ်စေတယ်။ သတင်းအချက်အလက်မှန်မှန်ကန်ကန်ရရှိထားတဲ့ပြည်သူတွေဟာ ပေါ့ပေါ့လျော့လျော့နေတတ်သူတွေထက် ပိုပြီးတော့ ထိထိရောက်ရောက် ကောင်းကောင်းမွန်မွန် လုပ်ဆောင်တတ်ပါတယ်။ ပြည်သူတွေဟာ သတင်းအချက်အလက်တွေကို သိခွင့်ရှိပါတယ်။ အခြေအနေကို ပွင့်ပွင့်လင်းလင်းတင်ပြလေ့ရှိတဲ့နိုင်ငံတွေမှာ လူထုကလည်း ကောင်းစွာနားလည်တဲ့အတွက် လိုလိုလားလားပါဝင်ကူညီကြပါတယ်။ ကျွန်ုပ်တို့ကြုံတွေ့နေရတဲ့ဒုက္ခက ယုံကြည်မှုပျက်စီးလာခြင်းပဲဖြစ်ပါတယ်။ ယခုကြုံတွေ့နေရတဲ့အကျပ်အတည်းကာလမှာ စစ်မှန်တဲ့ခေါင်းဆောင်တွေဟာ ယုံကြည်မှုတည်ဆောက်တတ်ကြပါတယ်။

နိုင်ငံတော်တည်ဆောက်တယ်ဆိုတာဟာ ခေါင်းဆောင်ပိုင်းတွေ မြို့တော်ကြီးတွေမှာ စုဝေးလိုက်တာနဲ့တင် ကိစ္စပြီးတာ မဟုတ်ပါဘူး။ နိုင်ငံတော်ကို တည်ဆောက်မယ်ဆိုရင် လူ့အဖွဲ့အစည်းထဲက အနိမ့်ပါးဆုံးသူတွေနဲ့အတူ ရှိနေပေးပြီး သူတို့ရဲ့ခံစားချက်တွေကို နားလည်ဖို့ အရင်ဆုံးကြိုးစားရပါမယ်။ နိုင်ငံတော်တည်ဆောက်တဲ့နေရာမှာ လူတိုင်းပါဝင်ရပါမယ်။ အားလုံးမှာ တာဝန်ကိုယ်စီရှိကြပါတယ်။ တကယ်တော့ ကိုရိုနာဗိုင်းရပ်စ်မကျရောက်ခင်ကတည်းက ကျွန်ုပ်တို့ကမ္ဘာဟာ ပြဿနာတွေနဲ့ပြည့်နေပြီးသားပါ။ နိုင်ငံများအတွင်းနဲ့ နိုင်ငံအချင်းချင်းကြားမှာ မညီမျှမှုဆိုတာ အများအပြားရှိနေခဲ့ပြီးသားပါ။ ဒီကပ်ရောဂါအကျပ်အတည်းမှာ ဆင်းရဲသားတွေ၊ ကျူးကျော်ရပ်ကွက်မှာ နေထိုင်ရသူတွေ၊ နေ့စားအလုပ်သမားတွေ၊ ပြည်တော်ပြန်အလုပ်သမားတွေဟာ သူများတွေထက် ပိုပြီးဒုက္ခရောက်ကြရပါတယ်။ လူ့အဖွဲ့အစည်းရဲ့ အနိမ့်ပါးဆုံးလူတန်းစားဟာ စွန့်ပစ်ခံဖြစ်လာခဲ့တာ အတော်ကြာပါပြီ။ ကြောက်ရွံ့စိတ်၊ တိုင်းတစ်ပါးသားအပေါ် မယုံကြည်စိတ်၊ လူမျိုးရေးခွဲခြားစိတ်တွေကြောင့် ဖြစ်ပေါ်လာတဲ့အပြောင်းအလဲကာလတစ်ခုကို ကျွန်ုပ်တို့ရင်ဆိုင်နေရပါတယ်။ ယခုအခါမှာ အခြေခံလူတန်းစားကို နားလည်တဲ့ခေါင်းဆောင်တွေ နိုင်ငံအတော်များများမှာ ထွက်ပေါ်လာပါတယ်။ ဒီလိုအခြေခံလူတန်းစားကို နားလည်ဖို့ဆိုတာ ကိုယ်ကျိုးကိုသာ ရှေ့တန်းမတင်ဘဲ "အားလုံးအတွက်"ဆိုတဲ့ စိတ်ထားရှိသူတွေက စနစ်တကျကြိုးစားဖော်ဆောင်ပေးဖို့ လိုအပ်ပါတယ်။

အကျပ်အတည်းကျရောက်ချိန်မှာ လိုက်နာရတဲ့ ဆုံးဖြတ်ချက်တွေ၊ အမူအကျင့်တွေဟာ ရေရှည်စွဲမြဲသွားတတ်ပါတယ်။ အဲဒီအရာတွေထဲမှာ အစိုးရဆုံးဖြတ်ရတဲ့ ဦးစားပေးဆောင်ရွက်ရမယ့်အရာတွေအပြင် အိမ်တွေမှာ လုပ်ဆောင်ရမယ့်အသေးအဖွဲအရာတွေလည်း ပါဝင်ပါတယ်။ ယခုအချိန်မှာ သင်ကျင့်ကြံတဲ့အပြုအမူ၊ သင်လျှောက်လှမ်းတဲ့လမ်း၊ သင်နေထိုင်တဲ့မိသားစုဘဝပုံစံ၊ အိမ်နီးချင်းတွေကို သင်ဆက်ဆံတဲ့ပုံစံ၊ သင်စိတ်ပျော်ရွှင်ရာလုပ်တဲ့ပုံစံ၊ သင်အနားယူတဲ့ပုံစံတွေဟာ သင့်ရဲ့ဘဝတစ်လျှောက်လုံး လိုက်ပါနေတော့မှာဖြစ်ပါတယ်။ စွဲစွဲမြဲမြဲကို လိုက်ပါနေတော့မှာပါ။ သင့်ရဲ့အသိတရားဟာလည်း လုံးဝပြောင်းလဲသွားတာကို သင်တွေ့ရပါလိမ့်မယ်။ အကျိုးဆက်အနေနဲ့ ကမ္ဘာလောကကို ကျွန်ုပ်တို့ရှုမြင်တဲ့ပုံစံနဲ့ ဆက်နွယ်တဲ့ပုံစံလည်း ပြောင်းလဲသွားပါလိမ့်မယ်။ စီးပွားရေးလုပ်ငန်းတွေကို အရင်လိုမျိုးလုပ်လို့ မရနိုင်တော့ပါဘူး။ ကျွန်ုပ်တို့ရဲ့ဘဝဟာလည်း ဘာမှမဖြစ်ခဲ့တဲ့ပုံစံမျိုးနဲ့ ဒီအတိုင်းပဲ ရှေ့ဆက်ပါလိမ့်မယ်။ ဒီနေရာမှာ ကိုယ့်ကိုယ်ကိုယ်ပြန်မေးရမယ့်မေးခွန်းကတော့ "ဒီကပ်ရောဂါပြီးရင် ဘယ်လိုကမ္ဘာလောကမျိုးကို ကျွန်ုပ်တို့လိုချင်ပါသလဲ"ဆိုတဲ့မေးခွန်းပါပဲ။

လူမှုဆက်ဆံရေးနည်းပါးသွားတဲ့အချိန်မှာ ကျွန်ုပ်တို့ဟာ အဲဒီဆက်ဆံရေးကို ပိုလို့တောင့်တလာကြပါတယ်။ ကမ္ဘာပေါ်မှာ အဖွဲ့တွေ အဲဒီလောက်ကွဲသွားအောင် ဘာကြောင့်ကျွန်ုပ်တို့လုပ်ဆောင်ခဲ့ကြတာလဲ။ မြန်မာနိုင်ငံမှာလည်း ပဋိပက္ခတွေက ဘာဖြစ်လို့ ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပွားနေရတာလဲ။ ဖိလစ်ပိုင်နိုင်ငံရဲ့ဒေသတချို့နဲ့ အာရှနိုင်ငံတချို့မှာ ဘာကြောင့်ဒီလိုအငြင်းပွားမှုတွေဖြစ်နေရတာလဲ။ ကမ္ဘာပေါ်မှာ သက်တမ်းအကြာဆုံးစစ်ပွဲတွေက ဘာဖြစ်လို့ အာရှတိုက်မှာ ဖြစ်နေရတာလဲ။ ယခုမျက်မှောက်ကာလအထိ သမိုင်းကြောင်းတစ်လျှောက်ကို ပြန်ကြည့်ရင် ကျွန်ုပ်တို့ဟာ အခွင့်အရေးရတဲ့အချိန်မှာ ဘာဖြစ်လို့နှစ်ဦးနှစ်ဖက်ပြေလည်အောင် မကြိုးစားခဲ့ကြတာလဲ။ လူသန်းပေါင်းများစွာဟာ အသက်ဆက်ဖို့အတွက်ကိုပဲ တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်နေကြရပါတယ်။ ယခုအခါမှာတော့ အဲဒီလူထောင်ပေါင်းများစွာဟာ အလုပ်အကိုင်တွေဆုံးရှုံးပြီး မိမိတို့နေရပ်ကျေးရွာတွေဆီကို စိတ်ပျက်လက်ပျက်နဲ့ ပြန်လာနေကြပါပြီ။ ယခုအချိန်ကနေစပြီးတော့ ပြည်သူတွေကို ဦးစားပေးတဲ့အနေနဲ့ အားလုံးအတွက် အလုပ်အကိုင်ဖန်တီးနိုင်တဲ့စီးပွားရေးစနစ်ကို ကျွန်ုပ်တို့မဖော်ဆောင်နိုင်ကြဘူးလား။ ရေရှည်တည်တံ့ခိုင်မြဲတဲ့ စည်းလုံးညီညွတ်မှုရအောင် ကျွန်ုပ်တို့မကြံဆောင်နိုင်ကြဘူးလား။ လူလူချင်း လေးစားပြီး အများကောင်းကျိုးအတွက် လုပ်ဆောင်ကြဖို့ ဆန္ဒမရှိကြဘူးလား။

ကပ်ရောဂါကာလမှာ ကျွန်ုပ်တို့ဟာ အများကောင်းကျိုးအတွက် လူတွေနဲ့ပေါင်းဖော်ခြင်းမပြုဘဲ အိမ်မှာပဲ နေကြပါတယ်။ ကျွန်ုပ်တို့အိမ်ထဲမှာ နေရပေမဲ့ ပြင်ပမှာ ဖြစ်ပျက်နေတာတွေကို လေ့လာစောင့်ကြည့်ရပါမယ်။ ဒီအချိန်ဟာ သည်းခံခြင်း၊ အစွမ်းသတ္တိနဲ့ ဉာဏ်ပညာတို့ကို အသုံးချရမယ့်အချိန်ဖြစ်ပါတယ်။ သည်းခံစိတ်ရှိဖို့ လေ့ကျင့်ယူရပါတယ်။ ဒီအချိန်မှာ ကျွန်ုပ်တို့ရဲ့ဘဝနဲ့ ခွန်အားတွေကို အကျိုးရှိရှိ အသုံးပြုရမယ့်အချိန်ဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့ပညာဉာဏ်နဲ့ စိတ်ကူးစိတ်သန်းတွေကို ဖြန့်ကျက်ရမယ့်အချိန်ဖြစ်ပါတယ်။ နည်းလမ်းသစ်တွေရှာပြီး အသစ်သောကမ္ဘာကို ထူထောင်ဖို့ ပြင်ဆင်ထားရမယ့်အချိန်ဖြစ်ပါတယ်။ ဒီအချိန်ဟာ စည်းလုံးညီညွတ်မှုကို တန်ဖိုးထားပြီး မိမိတို့တတ်နိုင်တဲ့ဘက်ကနေ အားလုံးပါဝင်လုပ်ဆောင်ကြဖို့နဲ့ အချင်းချင်းဖေးမကူညီကြဖို့ လိုအပ်တဲ့အကြောင်း နားလည်ရမယ့်အချိန်လည်းဖြစ်ပါတယ်။ အထူးသဖြင့် ဒီအချိန်မှာ အမုန်းတရားတွေ၊ စစ်လက်နက်တွေကို ဘေးချထားပြီး လူသားအားလုံးကို တိုက်ခိုက်ဖျက်ဆီးနေတဲ့ ဘုံရန်သူကို ရင်ဆိုင်ရမယ့်အချိန်ပဲဖြစ်ပါတယ်။

ယခုကြုံတွေ့နေရတဲ့ဗိုင်းရပ်စ်လောက် ကမ္ဘာကို ဆုံးရှုံးမှုကြီးမားစေတဲ့အရာမရှိခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်ုပ်တို့ရဲ့ဘဝလမ်းကြောင်းကိုတော့ ရပ်တန့်ပစ်လိုက်လို့ မရပါဘူး။ ကပ်ရောဂါကြောင့် ကျွန်ုပ်တို့ဟာ အိမ်မှာနေကြရပေမဲ့ တခြားသောသူတွေရဲ့အခြေအနေတွေကို စောင့်ကြည့်လေ့လာပြီး တစ်ဦးကိုတစ်ဦး အားပေးကြဖို့၊ ထိခိုက်ပျက်စီးလွယ်သူတွေနဲ့အတူ ရပ်တည်ပေးဖို့၊ ကျွန်ုပ်တို့ကမ္ဘာမှာ ဖြစ်ပျက်နေတာတွေကို နားလည်နိုင်ဖို့ ဆုတောင်းရမယ့်အချိန်တွေရလာပါတယ်။ နေ့ရက်သစ်တိုင်းကို ကြိုဆိုပါ။ ဒီအရာတွေအားလုံးပြီးဆုံးသွားမယ့်အချိန်ကို ထိုင်စောင့်မနေပါနဲ့။ ဒီအချိန်တွေကို အကျိုးရှိရှိကုန်ဆုံးနိုင်အောင် တွေးတောကြံဆပါ။

ကမ္ဘာမှာ နှစ်စဉ်ပြုလုပ်နေတဲ့စစ်တမ်းတွေမှာ မြန်မာနိုင်ငံသားတွေဟာ ကမ္ဘာပေါ်မှာ အလှူအတန်းအရက်ရောဆုံးဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ဒီလိုဖော်ပြခံရတာဟာ ပမာဏအများအပြား

လျှဒါန်းခြင်းကြောင့်မဟုတ်ဘဲ လျှဒါန်းသူအရေအတွက်များပြားခြင်းကြောင့်သာ ဖြစ်ပါတယ်။ ယခုကြုံတွေ့နေရတဲ့ကပ်ဘေးကာလမှာ ဒီအချက်က ပိုပြီးထင်ရှားလာပါတယ်။ လူတွေဟာ ကိုယ်တိုင်က ဒုက္ခရောက်နေကြပေမဲ့ သဒ္ဓါတရားကိစ္စမှာတော့ လက်မနှေးကြပါဘူး။ အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးလုပ်သားတွေအများအပြားစွန့်ခွာခဲ့ကြပေမဲ့ ပြည်တွင်းက အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေ၊ ပရဟိတအဖွဲ့အစည်းတွေ၊ လုပ်အားပေးတွေထွက်ပေါ်လာပြီး ဒုက္ခရောက်နေသူတွေကို ကူညီဖို့ ကြိုးစားကြပါတယ်။

အာရှတိုက်တစ်ခုလုံးမှာ များစွာသောလူတို့ဟာ စိတ်ပိုင်းဆိုင်ရာ၊ ကာယပိုင်းဆိုင်ရာ၊ ငွေကြေးပိုင်းဆိုင်ရာ၊ ဝိညာဉ်ရေးပိုင်းဆိုင်ရာ ထိခိုက်မှုတွေခံစားကြရပါတယ်။ မြန်မာပြည်ကက်သလစ်သာသနာတော်ဟာလည်း ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအဖွဲ့ (KMSS) ရဲ့ဦးဆောင်မှုနဲ့ Covid-၁၉ ကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့တိုက်ဖျက်တဲ့နေရာမှာ သဒ္ဓါတရားအပြည့်နဲ့ ပါဝင်နေပါပြီ။ တစ်ပါးသူတို့ကို ကူညီနိုင်ဖို့ ကျွန်ုပ်တို့ကြိုးစားနေကြပါတယ်။ သက်ဆိုင်ရာနယ်မြေအုပ်ချုပ်သူတွေ၊ နီးစပ်သူတွေဟာ အကူအညီလိုအပ်နေသူတွေကို ရှာဖွေကြပါတယ်။ ဒီအချိန်ဟာ ဘုရားသခင်ရဲ့ ကောင်းမြတ်တော်မူခြင်း၊ ကရုဏာတော်နဲ့ မေတ္တာတော်ကို ကမ္ဘာလောကသိရှိအောင် လုပ်ဆောင်ရမယ့်အချိန်လည်းဖြစ်ပါတယ်။

အကျပ်အတည်းကျရောက်လာတိုင်း အဆိုးဆုံးတွေလွန်မြောက်သွားမယ့်အချိန်ကို ဒီအတိုင်းထိုင်စောင့်လိုသူတွေရှိကြပါတယ်။ ဒါပေမဲ့ ဒီလိုစောင့်နေရုံနဲ့ ပြဿနာကမပြီးသွားပါဘူး။ Amartya Sen နဲ့ အခြားသောသူတွေပြောတဲ့အတိုင်း ဒီလိုသီးခြားနေထိုင်ရတဲ့ကာလအလွန်မှာ ပိုမိုကောင်းမွန်တဲ့လူ့အဖွဲ့အစည်းထွက်ပေါ်လာနိုင်ပါတယ်။ ဒီအတိုင်း ထိုင်ပြီး စောင့်မနေကြပါနဲ့။ အဖြစ်မှန်ကို လက်ခံပြီး လိုအပ်တဲ့အပြောင်းအလဲကို ဖော်ဆောင်ကြဖို့ လိုပါတယ်။ အဲဒါကို စတင်လုပ်ဆောင်ကြရမှာပါ။ ဖြစ်ပေါ်နေတဲ့အခြေအနေအရပ်ရပ်ကို အသုံးချပြီး ကျွန်ုပ်တို့လိုချင်တဲ့အနာဂတ်ကို ဖော်ဆောင်ကြပါ။ ပြောင်းလဲလာမယ့်ကမ္ဘာကို စိတ်ကူးနဲ့ပုံဖော်ပြီး ပြင်ဆင်ကြပါ။ ရေရှည်တည်တံ့ခိုင်မြဲမယ့်ယုံကြည်မှုမျိုးကို တည်ဆောက်နိုင်ဖို့ ကြိုးစားကြပါ။

Arundhati Roy ပြောခဲ့သလိုပဲ Covid-၁၉ ဟာ အဟောင်းကနေ အသစ်ပြောင်းလဲရမယ့် လမ်းကြောင်းကို ပေးနေပါတယ်။ လူတစ်စုသာ အကျိုးခံစားရပြီး အများစုက ပစ်ပယ်ခံခဲ့ရတဲ့အနေအထားဟောင်းကနေ လူတစ်ဦးစီတိုင်းရဲ့ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားတဲ့အနေအထားသစ်ကို ပြောင်းလဲရမယ့်အချိန်လည်းဖြစ်ပါတယ်။

ဒီလိုလောကကမ္ဘာအသစ်ကို လျှောက်လှမ်းဖို့ သင်ပြင်ဆင်နေပြီလား။

ကာဒီနယ်ချားလ်စ်ဘို
အာရှကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ဥက္ကဋ္ဌ
ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်